

## အိမ်သာတော်လှန်ရေး

### အထာတစ်ခု

မြို့ကို မလာခင် အစဉ်အလာအရ တောက ဆရာဘုန်းကြီးတွေ သင်ပေးလို့ စာသင်သား ကိုရင်ငယ် ပဥ္စင်းငယ်တွေ နားလည်ထားတဲ့ အထာတစ်ခု ရှိတယ် .. 'ကိုယ်နေမယ့် ပရိယတ္တိစာသင်တိုက် စည်းကမ်း ရှိမရှိကို ကုဋီ(အိမ်သာ)နဲ့ ဆွမ်းစားဆောင်တွေရဲ့ အနေအထားကို ကြည့်ရတယ်'တဲ့။ ကုဋီသန့်ရင် ကျောင်းတိုက် စည်းကမ်းရှိလို့ပဲ။ စည်းကမ်းရှိတဲ့ ကျောင်းမှာနေမှ ရဟန်းဘဝ တိုးတက်မှာ။ ဒါဟာ လက်တွေ့ ကျတဲ့ အဆုံးအမပါ။ အမှန်တော့ ဘုန်းကြီးကျောင်းသာ မကပါဘူး။ အိမ်တစ်အိမ်၊ နိုင်ငံတစ်ခုရဲ့ လူနေမှုအဆင့် အတန်းကိုလည်း အိမ်သာနဲ့ စားသောက်ပုံကို ကြည့်ပြီး အကြမ်းဖြင့် ခန့်မှန်းနိုင်တယ်လို့ ဘုန်းကြီး ယူဆတယ်။ လူအချို့ ပိုက်ဆံ ချမ်းသာပေမယ့် ကြားမြင်သုတ နည်းလို့ နေထိုင်ပုံအဆင့် မမီတာမျိုးတွေ တွေ့ဖူးမှာပေါ့။

### ဘာတို့ရွာ

မကြာခင်က တောရွာ အလှူပွဲကို ကြွမယ့် ရန်ကုန်နေ ဆရာတော်က အဲဒီ ရွာအလှူ စည်အောင်လို့ မိမိနဲ့ အတူ ရန်ကုန်က ဒကာ ဒကာမ ဧည့်သည်တွေကို ခေါ်သွားခဲ့ရင် အကြီးအကျယ် တွေ့ရမယ့် အခက်အခဲက 'အိမ်သာ'ပဲ ဆိုတာ သိနေလို့ စိတ်ပူပြီး မနေသာတဲ့အဆုံး အဲဒီ ကိစ္စအတွက် အထူး ပြင်ဆင်ထားဖို့ တောက ဆရာတော်ဘုရားကို လျှောက်နေသံ ကြားတော့ ဘုန်းကြီးလည်း 'အင်း .. ငါတို့အမျိုး ဘာတို့ဘဝက ဒီလောက်ပဲ ရှိနေသေးတာပါပဲလား'လို့ တွေးရင်း ကျိတ်ပြီး ရယ်ရမလို ငိုရမလို ဖြစ်မိတယ်။ အဲဒါ လူဦးရေ ငါးထောင်မက ရှိနိုင်တဲ့ ဘုန်းကြီးတို့ အရပ်က တောရွာကြီး ဗျို့။ အထက်တန်းကျောင်းနဲ့ ဆေးရုံတွေတောင် ရှိလို့ အတော်အတန် ဖွံ့ဖြိုးတယ်လို့ ဆိုနိုင်ဖွယ် ရှိတဲ့ အရပ်ဒေသမျိုး။

### ဂုံနီအိတ်ကာ

အဲဒီ 'မဟာအခက်အခဲ'ကို ကြိုမတွေးထားမိတဲ့ အခြား ရန်ကုန်နေ ဆရာတော်ကြီး တစ်ပါးကျတော့ မြို့ပေါ်က သူနဲ့ ပတ်သက်တဲ့ ဘုန်းကြီးကျောင်းမှာ သိန်းရာထောင် အကုန်ခံ ကျင်းပတဲ့ အလှူပွဲကြီးကို ရန်ကုန် ဧည့်သည်တွေကို ခေါ်လာပြီး ဘုန်းကြီးကျောင်းမှာ ထားသတဲ့။ အရေးထဲ ရန်ကုန်သူ ဒကာမ တစ်ယောက် ဗိုက်နာရော .. ဘုန်းကြီးကျောင်းမှာ ရှိတဲ့ လူသုံးအိမ်သာက မိုးလုံလေလုံ မရှိ။ ဂုံနီအိတ်အစုတ်ကလေးကို အကာ လုပ်ထားလို့ မြို့ကြီးသူ ဒကာမ ငိုရတာပေါ့။ ဒါနဲ့ အိမ်သာ လုံလုံခြုံခြုံ ရှိတဲ့ မြို့ခံ လူကုန်ထံ တစ်ယောက်ကို အရေးပေါ် အကူအညီ တောင်းပြီး အိမ်မှာ တည်းဖို့ ရှောင်တခင် စီစဉ်လိုက်ရသတဲ့။ အင်း .. တောမြို့ အဆင့်တောင် မနိပ်သေးဘူးလို့ဘဲ နားလည်လိုက်ရတယ်။

### မြင်ဝါတောင်

စာအုပ်နာမည် 'မြင်ဝါတောင်'။ စာရေးဆရာကြီး မောင်ထင် ရေးတာ။ သူ့စာ အများစုထဲကလို ကျိတ်ပြုံးစရာ တွေပါလို့ အလွန် ဖတ်ကောင်းတယ်။ စာပေဗိမာန်က ထုတ်တာ (၁၉၈၄–ခန့် ထင်တယ်)။ အဲဒီ စာအုပ်မှာ မြို့အုပ်ဘဝနဲ့ နယ်တကာ သွားစဉ် တောရွာ အချို့မှာ အိမ်သာမရှိဘဲ ချုံကွယ်ရာနဲ့ သစ်ပင်အောက်တွေမှာ ကျင်ကြီးကျင်ငယ် စွန့်ကြကြောင်း၊ အရိပ်ကောင်းလို့ ရွာဦးက ညောင်ပင်အောက်မှာ အပန်းဖြေမလို့ ထိုင်မယ် လုပ်ပြီးမှ မစင်နံ့ ထောင်းခနဲ ထွက်လာလို့ ပြေးခဲ့ရကြောင်း ရေးထားတယ်။ သက်ဆိုင်သူ ဒေသခံအချို့က သူတို့ကို နှိမ်တယ် ဆိုပြီး စိတ်ဆိုးနိုင်ဖွယ် ရှိပေမယ့် အမှန်တော့ ထောက်ပြတဲ့ စာရေးဆရာကို ကျေးဇူးတောင် တင်ရဦးမှာ။ ဒါတွေကို ပညာပေးဖို့ အာဏာပိုင်တွေမှာ တာဝန်ရှိသလို ကြားမြင်သုတ များတော်မူကြတဲ့ ဆရာတော်တွေလည်း တတ်စွမ်းသမျှ ပါဝင်သင့်တာပေါ့။

### ဥတုဇလေ

ဘုန်းကြီး ကမ္ဘာအေးမှာ နေတုန်းက တစ်နံနက် ကိစ္စတစ်ခုနဲ့ ရွှေတိဂုံဘုရားကို သွားတယ်။ စောင်းတန်းထဲလည်း ရောက်ရော .. ဗိုက်ထဲ 'ဥတုဇလေ'

တဂျုန်းဂျုန်း လှုပ်တော့တာပဲ။ ကုဋ္ဌိ ဘယ်နား ရှိလဲ .. မေးကြည့်တော့ နှစ်ကြိမ် ခေါင်းခါခံရတယ်။ ဒါနဲ့ အရှေ့မုခ် စောင်းတန်းကနေ ဘုရားပေါ်တက်၊ ဓာတ်လှေကားနဲ့ အမြင့်ကြီး တက်ရတဲ့မုခ် (အနောက်မုခ်လို့ ထင်တယ်)ကို ရောက်တဲ့အထိ ဘုရားပေါ် ဖြတ်ပြီး သုတ်ခြေတင်၊ စောင်းတန်း ဘေးက ခြေကျင်ဆင်း၊ အဲဒီ ဓာတ်လှေကား အောက်က ကုဋ္ဌိကို ပြေးရတယ်။ တံခါးကို ဖွင့်လိုက်တာနဲ့ ဆေးလိပ်နံ့နဲ့ ရောနေတဲ့ စူးစူးရှရှ မစင်နံ့။ ရေပိုက်ခေါင်းကို ဖွင့်ကြည့်တော့ ရေမလာဘူး။ တတ်နိုင်တော့ဘူးလေ .. ထိုင်လိုက်ရတာပဲ၊ တွေးသာကြည့်။ အဲဒီတုန်းက လွယ်အိတ်ထဲ ပါလာတဲ့ ဒိုင်ယာရီ စာအုပ် အသစ်ကလေးထဲက စာရွက်တစ်တွဲ ဖြုတ်ပြီး ဖြေရှင်းခဲ့ရတယ်။ လက်ဆေးစရာ ရေမရှိ။

## ခရီးသွားနှစ်

မှတ်မိသေးတော့တယ် .. ၁၉၉၆–မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year-1996)။ အဲဒီ မြန်မာ့နှစ်ကြီးကို ရေဒီယိုက အာပြဲအောင် အော်ခဲ့ပေမယ့် မအောင်မြင်တာ အဲဒီလို အခြေခံ လိုအပ်ချက် မပြည့်စုံတာလည်း အကြောင်းတစ်ခု ဖြစ်မှာပဲ။ ကြားမြင်သုတ ခေါင်းပါးတဲ့ ခေါင်းဆောင် ဆိုသူတွေက လုပ်ဖို့ အမိန့်တော့ ပေးလိုက်တာပါပဲ။ ဒါပေမယ့် ပြင်ပလောကရဲ့ အခြေအနေမှန်ကို မသိတော့ လေတစ်လုံးပဲ ကျန်ခဲ့တာပေါ့။ စဉ်းစားကြည့် .. ရွှေတိဂုံဘုရားလို တကယ့်ပရိသတ် အစည်ဆုံးလို့ ဆိုရမယ့် နေရာမှာတောင် အများသုံး အိမ်သာ ဆိုတာမျိုးက ‘ရှိတော့ ရှိတယ် .. ရှားတယ်’ ဆိုတာထဲကမှ အခြေအနေက မကောင်းသေးဘူး။ အဲဒါ အဲဒီခေတ် အချိန်က .. ခုတော့ ဘယ်လိုနေ မသိ။

## လှမ်းမမီ

ဒီနေ့ ကျောင်းမှာ ဆွမ်းလာကပ်တဲ့ အရီးဇိုးနား ပြည်နယ်တက္ကသိုလ်မှာ ပါမောက္ခ လုပ်နေတဲ့ မြန်မာလူမျိုး ဆရာကြီးက ပြောသွားတယ် .. အမေရိကန် နာဆာ အဖွဲ့က ကြီးမှူးပြီး ရန်ကုန်တက္ကသိုလ် (ပင်မ)မှာ အစည်းအဝေးတစ်ခု လုပ်ဖို့ စီစဉ်ခိုက် အိမ်သာကို စဉ်းမိလို့ လိုက်စုံစမ်းတဲ့အခါ အခြေအနေ မကောင်းတဲ့အတွက် ရန်ကုန် တက္ကသိုလ်ထဲ မလုပ်ဖြစ်တော့ဘဲ အစည်းအဝေးကို ဟိုတယ်မှာပဲ စီစဉ်လိုက်ရသတဲ့။ ဘုန်းကြီး ရောက်ဖူးခဲ့သလောက် ရန်ကုန်တက္ကသိုလ် (ပင်မ)ထဲမှာ တကယ်ပဲ အဆင့်မီ အများသုံးအိမ်သာ မရှိတာ အမှန်ပါ။ ကမ်းကြိုတဲ့ လက်ကိုတောင် လှမ်းမမီနိုင်သေးတဲ့ အနေမျိုးလို့ ဆိုရမလားဘဲ။

## စက်ာပူမှာ

၁၉၉၈–ခုနှစ်၊ စက်ာပူကို ရောက်တော့ မြေအောက် ရထားဘူတာနဲ့ ပန်းခြံလို နေရာတွေမှာ အများသုံး အိမ်သာတွေ ဗိုးပေါလအောပဲ။ စက်ာပူ အများသုံး အိမ်သာတွေရဲ့ တံခါးတွေကို မြင်ရတော့ ဘုန်းကြီးဖြင့် တောက ဘုန်းကြီးကျောင်းတွေမှာ ရှိတဲ့ ကျွန်းသား တံခါးတွေနဲ့ လုပ်ထားတဲ့ ‘ကျက်သရေတိုက်ခန်း’ကို သွားအမှတ်ရတယ်။ အိမ်သာတံခါးမှာ အစွန်းအထင်း အညစ်အကြေး မရှိ။ ပြောင်လက်နေတာပဲ။ ကျက်သရေ တိုက်ခန်းထဲကို ဝင်သွားရင် ဆေးလိပ်နံ့ ငါးပုပ်ခြောက်နံ့တွေ နံ့ဖွယ်ရှိပေမယ့် စက်ာပူက အိမ်သာတွေမှာ လုံးဝ အိမ်သာနံ့ မရှိဘူး။ အနံ့မွှေးအောင် လုပ်ထားတယ်။ အဲဒီလို အများသုံး အိမ်သာတစ်ခုမှာ သန့်ရှင်းရေးနဲ့ အိမ်သာသုံး စက္ကူလိပ်တွေကို အချိန်မှီ လဲပေးရတဲ့ မြန်မာ အလုပ်သမလေး တစ်ယောက်နဲ့တောင် တွေ့ခဲ့သေးတယ်။

## စိတ်ကူးယဉ်

အိန္ဒိယ ဝန်ကြီးချုပ်သစ်က သူ့နိုင်ငံမှာ အိမ်စေ့ အိမ်သာဆောက်ဖို့ တော်လှန်ရေး လုပ်တယ် ဆိုမဟုတ်လား။ ဘာတို့လည်း အိမ်မကောင်းချင်နေ အိမ်သာ သန့်သန့်လေးတော့ ရှိသင့်တာပေါ့။ ‘အိမ်သာရှိမှ ဧည့်သည်လာ’လို့ နားလည်ပြီး ငွေကြေး တတ်နိုင်တဲ့ ကုပ္ပဏီပိုင်ရှင်၊ ဟိုတယ်ပိုင်ရှင်တွေက ကိုယ့်ဆီကို ပြည်ပဧည့်သည်တွေ များများ လာအောင် လူစည်တဲ့ နေရာတွေမှာ အဆင့်မီ အများသုံး အိမ်သာတွေ လှူဒါန်းကြရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်မိတယ်။

အရှင်ကေလာသ
ဇန်နဝါရီ ၃၁၊ ၂၀၁၆။
—————————